ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြည်မိမ်း၊ ရန်ကုန်(၇)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ မိသားစုအလှူ။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်အစည်းအဝေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ငွေ၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျှုကွယ်ရှို၊ ရှမ်း(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ တောင်သူလယ်သမားတွေ့ဆုံပွဲ။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကျန်းမာရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ ရှမ်း (၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကျန်းမာရေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ မိသားစုကိစ္စ။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးမျိုးမင်းသန့်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်၊ ဇနီးကျန်းမာရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ဒေသ

ဖွံ့ဖြိုးရေး။ ဦးဂျေယောဂူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း (၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂) ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်းနှင့် ဈေးကြီးလမ်းထောင့်၊ အကွက်အမှတ်(၃၈) မြို့မဈေးအကွက်ရှိ မြေဧရိယာ (၀.၅၉၉)ပေါ်ရှိ အဆောက်အအုံများ နေရာတွင် ခေတ်မီတစ်ထပ်ဈေးကြီး တည်ဆောက်ခဲ့သဖြင့် နစ်နာမှုဖြစ်ခဲ့သော မူလမြေပိုင်ရှင်များအား မည်ကဲ့သို့ဖြေရှင်းပေးခဲ့သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ကမ်းနားလမ်းနှင့် ဈေးကြီးလမ်းထောင့်၊ အကွက်အမှတ်(၃၈) မြို့မဈေးအကွက်ရှိ မြေဧရိယာ (၀.၅၉၉)ပေါ်ရှိ အဆောက်အအုံများ နေရာတွင် ခေတ်မီတစ်ထပ်ဈေးကြီး တည်ဆောက်ခဲ့သဖြင့် နစ်နာမှုဖြစ်ခဲ့သော မူလမြေပိုင်ရှင်များအား မည်ကဲ့သို့ဖြေရှင်းပေးခဲ့သည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ အပါအဝင် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေရန် မေတ္တာပို့သအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းလေးက ကျွန်တော် အမျိုးသားလွှတ်တော် နိုင်ငံသားမူလအခွင့်အရေး ကော်မတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဥ်ကတည်းက သက်ဆိုင်ရာ အစိုးရအဖွဲ့က ဆောင်ရွက်ပေးပါရန် နစ်နာသူများရဲ့ တင်ပြချက်အပေါ်မှာ သုံးသပ်ပြီးမှ မေတ္တာရပ်ခံ တင်ပြခဲ့တာလည်း ရှိပါတယ်။ ဒီလိုပါပဲ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းထားတဲ့ လယ်ယာမြေများနဲ့ အခြားမြေများ စုံစမ်းရေးကော်မရှင်ဆီကိုလည်း တင်ပြခဲ့တာ ရှိပါတယ်။ သို့သော်လည်းပဲ ဒီနေ့ထိ ဘာမှဆောင်ရွက်ပေးတာ မရှိတဲ့အခါမှာ ပြည်သူလူထုက မသိလို့လား၊ အသံမထွက်လို့ မဆောင်ရွက်တာလားဆိုတဲ့ စောကြောမှုနဲ့ ကြယ်ပွင့်ပြတဲ့ မေးခွန်းဖြစ်ဖို့ ဖြစ်လာတာပါ။ ဒီကိစ္စလေးကို ဖြေရှင်းပေးနိုင်မယ်ဆိုရင် ပြီးခဲ့တဲ့ကာလက ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအပေါ်မှာ လက်ရှိ တည်ဆဲအစိုးရဟာ ပြည်သူနဲ့ အစိုးရကြားမှာ ပြည်နယ်အစိုးရနဲ့ ပြည်သူကြားမှာ ဆက်ဆံရေးကစ အကုန်လုံးပြေလည်နိုင်တယ်။ ဖြေရှင်းပေးသင့်တဲ့ ကာလလေးမှာ ဖြေရှင်းပေးခဲ့တဲ့ ဖြေရှင်းပေးတဲ့ ပုံစံမျိုးလေးကို လူထုကလည်း လိုလားနေတာ ဖြစ်တာမို့လို့ ဖြေရှင်းပေးနိုင်မယ်ဆိုတဲ့ ယုံကြည်မှုနဲ့ ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။ ဒီဖြစ်ပျက်မှုမှာ တကယ် တခြားတိုင်းဒေသကြီးပြည်နယ်မှာ ဖြစ်ပျက်ခဲ့သလို ဖြစ်ပျက်ခဲ့ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ် စစ်တွေမြို့ဆိုတာ ဗြိတိသျှ ကနဦး သိမ်းပြီးတဲ့နောက်ပိုင်းမှာ ပထမဆုံး မြို့ပြတည်ဆောက်ပေးတဲ့မြို့ပါ။ နှစ်ပေါင်း (၂၀၀)နီးပါးလောက် ရှိပါပြီ။ ဘိုးဘွားပိုင်မြေဆိုတာမျိုးက အဲဒီကတည်းက မိဘဘိုးဘွားတွေက ဝယ်ပြီးမှ ကျွန်တော်တို့ရဲ့ မြေကြီး မြေပုံမှာတောင်မှ ဘိုးဘွားပိုင်မြေနဲ့ ဂရန်မြေ မတူပါဘူးခင်ဗျ။ အဲဒီဘိုးဘွားပိုင်မြေ အကွက်အမှတ် (၃၈) ကျေးပင်ကြီးဈေးထောင့် တကယ့်အချက်အချာကျတဲ့ နေရာမှာ ပိုင်ရှင်ပေါင်း(၁၆)ဦး မိဘဘိုးဘွားတွေ လက်ထက်ကတည်းက အမွေရလာခဲ့တဲ့ အောက်ထပ်မှာလည်းပဲ ဈေးခန်း ဈေးဆိုင်ခန်းတွေ ဖွင့်ပြီးတော့ စီးပွား

အခွင့်သာခဲ့တဲ့ မြေတွေကို သူ့တိုင်း ကိုယ့်တိုင်း အပြိုင် မြို့ပြအသစ် တည်ဆောက်တဲ့ကာလလေးမှာ ၁၉၉၅ နိုဝင်ဘာလ ၁၅ ရက်နေ့လို့ ပြောပါတယ်။ အမိန့်ညွှန်ကြားချက်တွေလည်း ထုတ်ပြန်ပါတယ်။ အဲဒီကာလက ခ.ဝ.တ ဥက္ကဋ္ဌက ဒုတိယဗိုလ်မှူးကြီးမြင့်သန်း ပါ။ အခုတော့ ကွယ်လွန်သွားပါပြီ။ အမိန့်ထုတ်ပြီးလို့ ၁၉၉၆ ဇန်နဝါရီ ၂၃ ရက်နေ့ ညဥ့်သန်းခေါင်ယံ လောက်မှာ ခုနက ကျွန်တော်တို့ အရေးခင်းကာလတစ်ခုမှာ ပိတ်ဆို့သလို စည်ပင်သာယာက ကားကြီးတွေနဲ့လာပြီးမှ လမ်းတစ်လျှောက်လုံးကို ပိတ်ပြီးမှ Speaker တွေနဲ့ (၇)ရက်အတွင်းမှာ ထွက်ပေးရမယ်။ မထွက်ပေးရင် သေနတ်တွေလည်း ပါတယ်ပြောပါတယ်။ အရေးယူမယ် ဘူဒိုဇာတွေနဲ့ အိမ်တွေကို ဖြိုဖျက်ပစ်မယ်ဆိုတဲ့ တကယ့် အရေးအခင်းကြီးတစ်ခုလို စစ်ဆင်ရေးကြီးတစ်ခုလို လူထုနဲ့ အဲဒီကာလက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကြားထဲမှာ အချေအတင်တွေ ဖြစ်ခဲ့ပါတယ်။ နောက် လူထုက အလျှော့ပေးပြီးမှ သက်ဆိုင်ရာ ဘုန်းကြီးကျောင်းဇရပ်တွေကို ကိုယ့်စရိတ်နဲ့ကိုယ် လူမှုရေးနစ်နာချက်တွေနဲ့ ပြောင်းရွှေ့ပြီးမှ အိုကြီးအိုမ ကာလရှည်ကြာစွာ နေခဲ့ကြရပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀)လောက်က ဖြစ်ပျက်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာ အခု ဒီမိုကရေစီခေတ်ဦး အစိုးရလက်ထက်မှာ ပြီးခဲ့တဲ့အစိုးရ လက်ထက်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ လက်ရှိအစိုးရမှာလည်း တာဝန်အသီးသီး ရှိနေတာမို့လို့ ဖြေရှင်းပေးခဲ့မယ်ဆိုရင် ပြီးခဲ့တဲ့ ကာလက အဖုအထစ်လေးတွေ လူထုနစ်နာမှုလေးတွေ အကုန်လုံးကို ဖြေရှင်းပေးတဲ့ အစိုးရတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေအဖြစ် အမည်တွင် ကျန်ခဲ့မှာမို့လို့ ဖြေရှင်းပေးစေလိုတဲ့ စေတနာနဲ့ သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ နိုင်ငံတော်သမ္မတကြီး အပါအဝင် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဘက် ပြည်သူ့လွှတ်တော်ဘက်ကိုလည်း လျှောက်ထားခဲ့ကြပါတယ်။ ဒီလျှောက်ထားချက်တွေရဲ့ နောက်မှာ ဒီဈေးကြီးကို ဖြိုဖျက်ပစ်ပါဆိုတဲ့ ဆန္ဒ မပါ ပါ။ အဆိုပါ ကာလက အဲဒီဈေးကြီးနေရာမှာ တည်ရှိခဲ့တဲ့ မိဘဘိုးဘွားပိုင် အင်မတန်ကြီးမားတဲ့ အိမ်ကြီးအိမ်ခန်းတွေကို ဖြိုဖျက်ခဲ့စဥ်တုန်းကလည်း မြေယာကအစ ဖြိုဖျက်စရိတ်အဆုံး အကုန်လုံးကို စွန့်ပြီးမှ တကယ့်ကို ဒုက္ခသည်အဖြစ်ဇရပ်တွေမှာ နေခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီအတွက် လက်ရှိကာလမြေဈေး တစ်ပေပတ်လည်ကို သိန်းရာချီ ထောင်ချီ ရှိတဲ့ ဈေးသစ်က မြေဖြစ်တဲ့အခါမှာ နစ်နာကြေးအနေနဲ့ မြေယာ လျော်ကြေးဖြစ်ဖြစ်သက်ဆိုင်ရာ နစ်နာမှုလေးတွေကို ပြန်လှန်ပြီးမှ အသနားခံတဲ့သဘောနဲ့ တောင်းခံတာ ဖြစ်ပါတယ်။ အဲဒီကာလမှာတော့ဖြင့် အဲဒီဈေးကြီးရဲ့ နောက်မှာ ကျွန်တော်တို့ တိုက်ခန်းလေးတွေ ဆောက်တာရှိပါတယ်။ ငွေနဒီ တိုက်ခန်းလို့ ခေါ်ပါတယ်။ အဲဒီကာလက အာဏာရှိတဲ့ ပုဂ္ဂိုလ်တိုင်းကလည်း တိုက်ခန်းမှာ အခန်းလေးတွေ ရပါတယ်။ ဈေးရှိတဲ့ နေရာမှာ သူတို့ပိုင်မြေကြီးတွေကို အခုထိ တသသနဲ့ သူတို့ပြန်တွေးတိုင်း ပြောကြပါတယ်။ အဲဒီတိုက်ခန်းတွေကို ပေးတဲ့အခါမှာလည်း ကာလပေါက်ဈေးနဲ့ပဲ ဝယ်ခွင့်ပေးပါတယ်။ တချို့ကလည်း မဝယ်ကြပါဘူး။ ခု ခေတ်ကောင်းတဲ့အခါမှာ သမ္မတကြီး အပါအဝင် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်တို့က စီစဥ်ပေးနိုင်ပါတယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ တောင်းခံကြတာ ဖြစ်ပါတယ်။ အဓိကတော့ စည်ပင်သာယာဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများဟာ လူထုရဲ့ နစ်နာချက်လေးတွေ မြေတန်ဖိုးလေးတွေနဲ့ သင့်လျော်တဲ့ မြို့ပြစီမံကိန်းလေးတွေမှာ အစားပေးနိုင်ခြင်း စသည်ဖြင့် ဖြေရှင်းမှုမျိုး နစ်နာကြေးတစ်ခုမှ မပေးခဲ့တာမျိုးကို ကာလပေါက်ဈေး သင့်လျော်တဲ့ နှုန်းလေးတွေနဲ့ ညှိနှိုင်းဖြေရှင်း ပေးခဲ့လို့ရှိရင် သူတို့ကလည်း အမွေရခဲ့တဲ့ မြေဖြစ်တယ်။ သူတို့ကလည်း သားသမီး မြေးမြစ်တွေကို ထပ်ပြီးတော့ အမွေအဖြစ် ပေးချင်တယ်ဆိုတဲ့ ညှိနှိုင်းမှုလေးတွေနဲ့ တင်ပြ တောင်းခံတာ ဖြစ်ပါတယ်။

အဲဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ညှိနှိုင်းဖြေရှင်းပြီးမှ လက်ရှိဖြစ်ပေါ်နေတဲ့ ကိစ္စလေးတွေကို ပြီးခဲ့တဲ့ အစိုးရရဲ့ လူထုနဲ့ အစိုးရကြားမှာ ဆက်ဆံရေး မပြေပြစ် ခဲ့ရင်တောင်မှ ခုခေတ်မှာ ပြေပြစ်နိုင်အောင် ဘာတွေများ ဆောင်ရွက်ပေးထားလဲ ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိသလဲ ဒါဟာနဲ့ ပတ်သက်လို့ရော ကျွန်တော်တို့ ကာလတစ်ခုမှာ ဖြေရှင်းပေးခဲ့လို့ရှိရင် လူထုနဲ့ ဆက်ဆံရေး ပြေလည်နိုင်တယ်ဆိုတဲ့သဘောနဲ့ မေးခွန်း (၃)ခု မေးမြန်းထားတာ ဖြစ်ပါတယ်။ အဲဒါကို သက်ဆိုင်ရာ ပြည်ထောင်စုသမ္မတရုံး ဒုတိယဝန်ကြီးအား လေးစားစွာဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်တော်တို့ရဲ့ မဲဆန္ဒရှင် တကယ်နစ်နာတဲ့ မိသားစု (၁၆)စုကိုယ်စား တင်ပြမေးမြန်း ခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၁)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန် ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန (၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ၏ မေးမြန်းခြင်းနှင့်ပတ်သက်ပြီး ရခိုင် ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား လေးစားစွာနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်။ ၁၉၉၅ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ဒေသအခြေအနေ လိုအပ်ချက်အရ စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် အကွက် အမှတ်(၃၈) မြို့မဈေးအကွက် ဧရိယာ(၀.၄၂၈) ဧကအတွင်း မြို့မဈေးဟောင်းအနီး၌ ဒေသအုပ်ချုပ် ရေး စီမံခန့်ခွဲမှုဖြင့် ခေတ်မီဈေးသစ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

မြို့မဈေးသစ် အကောင်အထည်ဖော် ဆောင်ရွက်စဉ်က မြေသိမ်းဆည်းခံရသူများအား မြို့မ ဈေးသစ်အနီးရှိ ငွေနဒီတိုက်ခန်း အိမ်ရာ၌ တိုက်ခန်းတစ်ခုစီ ဝယ်ယူခွင့်ပြုခဲ့ရာ ၎င်းကာလတွင် ငွေနဒီ တိုက်ခန်း ဝယ်ယူမယ့်သူ (၁၂)ဦးရှိပြီး တိုက်ခန်းမဝယ်ယူခဲ့သူ (၃)ဦးရှိကြောင်း သိရှိရပါတယ်။ စစ်တွေ မြို့နယ် စည်ပင်ယာရေး လုပ်ငန်းများအား မြို့မိမြို့ဖ ကိုယ်စားလှယ်တစ်ဦးမှ ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး တိုက်ခန်းအလှည့်အသီးသီးမှ ကိုယ်စားလှယ်(၃)ဦး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဒုဦးစီးမှူးတစ်ဦး ပါဝင်သော စုစုပေါင်း ကော်မတီဝင်(၁၇)ဦးဖြင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဖွဲ့စည်းကာ စည်ပင်သာယာရေးလုပ်ငန်းများအား စည်းမျဉ်း စည်းကမ်း ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် မြို့မဈေးကြီး လမ်းထောင့် အကွက်အမှတ်(၃၈)မှ ဘိုးဘွားပိုင် မြေပိုင်ရှင်(၁၅)ဦး တင်ပြလာခြင်းနှင့်ပတ်သက်၍ စစ်တွေမြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ ၁၀-၁၀-၂၀၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်

အစည်းအဝေး ဆုံးဖြတ်ချက်တွင် ယခုအခါ ဈေးသစ်ကြီးမှာ ဒေသအခြေအနေ လိုအပ်ချက်အရ ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချနေပြီဖြစ်၍ မြို့နယ်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ဈေးမြေနေရာအား စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ၂၅-၁၁-၂၀၁၄ ရက်နေ့တွင်ပြုလုပ်ခဲ့သော မြို့နယ်စည်ပင်သာယာရေး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အရ ဘိုးဘွားပိုင်မြေပိုင်ရှင် (၁၅)ဦးအား ရခိုင်ပြည်နယ်အစိုးရဖွဲ့၏ အစီအစဉ်ဖြင့် မြေယာနှင့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပါက ရခိုင်ပြည်နယ်မြေယာ စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် ဘိုးဘွားပိုင်မြေပိုင်ရှင်(၁၅)ဦးအား ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖားကန့်မြို့နယ်၊ မော်စီစာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း က ဖားကန့်မြို့နယ်၊ မော်စီစာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ ဖိတ်ကြားထားသော ဧည့်သည်တော်များ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား မင်္ဂလာပါဟု ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖားကန့်မြို့နယ် မော်စီစာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းတစ်ခု မေးမြန်းတင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မော်စီစာကျေးရွာဟာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အတွင်းမှာ တည်ရှိပြီးတော့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး အလက (ခွဲ)အဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ မူလတန်းအဆင့် ကျောင်းသား (၅၇၅)ဦး၊ အလယ်တန်းအဆင့်ကျောင်းသား (၃၇၂)ဦး ပညာသင်ကြားလျက်ရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်တဲ့အတွက်ကြောင့် ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ အခြေခံပညာအလယ်တန်းကျောင်းတစ်ကျောင်းမှာ ရှိရမယ့် အလယ်တန်းအဆင့် ကျောင်းသားဦးရေ (၂၄၀)ဦးထက် ကျော်လွန်နေတဲ့ ကျောင်းတစ်ကျောင်းလည်း

ဖြစ်ပါတယ်။ ကျောင်းရဲ့ဧရိယာမှာ (၁.၇၄၇) ဧကရှိပြီးတော့ နှစ်ထပ်စာသင်ဆောင် (၃)ဆောင်နဲ့ စာသင်ခန်းလည်း လုံလောက်မှုရှိပြီး ဖြစ်ပါတယ်။ ကျောင်းပရိဘောဂ၊ စာကြည့်တိုက်၊ ရေလောင်း အိမ်သာ၊ ကျောင်းအားကစားကွင်း စသည်တို့ဖြင့် ပြည့်စုံပြီးသော ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါတယ်။ အဆိုပါကျောင်းသို့ အနီးပတ်ဝန်းကျင်မှာရှိကြတဲ့ မှော်ကျေးရွာများနဲ့ရပ်ကွက်တို့မှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက် ရှိကြပါတယ်။ လုံးခင်းကျေးရွာ ပင်မအထကကျောင်းနှင့် မဝေးကွာလှသော်လည်း ဥရုချောင်းရဲ့ တစ်ဖက်ကမ်းမှာ ကျောင်းကြီးတည်ရှိနေတဲ့အတွက်ကြောင့် မိုးရာသီမှာ ရေကြီးမှုများဖြစ်ပွားပြီး သွားလာရေးခက်ခဲတဲ့အပြင် ကျောင်းဟာ ဖားကန့်-လုံးခင်း ကား လမ်းမကြီးရဲ့ ဘေးမှာတည်ရှိတဲ့အတွက်ကြောင့် ယာဉ်အန္တရာယ်များလည်း စိုးရိမ်ရပါတယ်။

သို့ဖြစ်ပါ၍ ဖားကန့်မြို့နယ် မှော်စီစာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသဖြင့် ဒေသခံပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လောင်းလုံမြို့နယ်၊ စခန်းသစ် အခြေခံပညာ မူလတန်းကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီး (၁၂၀ x ၃၀) ပေ (RC) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်က လောင်းလုံမြို့နယ်၊ စခန်းသစ် အခြေခံပညာ မူလတန်းကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီး (၁၂၀ x ၃၀)ပေ (RC) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်အပေါင်းတို့ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်၊ ပန်းတင်အင်းကျေးရွာအုပ်စုရှိ စခန်းသစ် အခြေခံပညာမူလတန်းကျောင်းဆောင်ဟောင်းကို ဖျက်သိမ်းပြီး (၁၂၀ x ၃၀) ပေ (RC) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်တော်၏ မဲဆန္ဒနယ်မြေဖြစ်တဲ့ လောင်းလုံမြို့နယ်ဟာ ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု (၄၁)စု၊ ကျေးရွာပေါင်း(၁၁၀)တို့ဖြင့် ဖွဲ့စည်းထားတဲ့မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ ကျေးရွာတိုင်းမှာလည်း အခြေခံပညာကျောင်းများရှိပြီး တိုင်းအတွင်း ပညာရည်တိုးတက်မှုမြင့်မားတဲ့ မြို့နယ်

တစ်နယ် ဖြစ်ပါတယ်။ အထက်တန်းကျောင်း (၄)ကျောင်း၊ အထက်တန်းကျောင်းခွဲ(၄)ကျောင်း၊ အလယ်တန်း ကျောင်း(၄)ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) (၄)ကျောင်း၊ အခြေခံပညာ မူလတန်း လွန်ကျောင်း (၂၆)ကျောင်း၊ မူလတန်းကျောင်း(၇၃)ကျောင်းနှင့် မူလတန်းကျောင်း(ခွဲ)(၁)ကျောင်းတို့ ရှိကြပါတယ်။ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၁၁၇)ကျောင်းရှိတဲ့ မြို့နယ်ဖြစ်ပါသည်။

နိုင်ငံတော်မှ ပညာရေးအသုံးစရိတ်များကို တိုးမြှင့်ချထားပေးမှုကြောင့် ဝန်ကြီးဌာနက နှစ်အလိုက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို ဦးစားပေး လိုအပ်ချက်အရ အစီအစဉ်များ ချမှတ်လုပ်ဆောင် လာခဲ့တဲ့ အတွက်ကြောင့် ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ကျောင်းဆောင်အသစ် တော်တော်များများ ဆောက်လုပ်ခွင့် ရရှိပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်မှာပင် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းအတွက် ကျောင်း(၄)ကျောင်း၊ နိုင်ငံတော်ဘတ်ဂျက်ငွေမှ (၂၄၃)သန်းကို ချထားပြီး ဖြစ်တာကို တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော် ယခုတင်ပြတဲ့ကျောင်းဟာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်မှ အခြေခံပညာမူလတန်းကျောင်းအဖြစ် သင်ကြားခွင့်ရတဲ့ကျောင်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်များစွာကပင် ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်ကလေး ဆောက်လုပ်ပြီး ဆရာ/ဆရာမများ ငှားရမ်းကာ မူလတန်းတွဲဘက်ကျောင်းအဖြစ် ဆောင်ရွက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ၎င်းစခန်းသစ်ကျေးရွာသည် ပင်လယ်ကမ်းခြေအလုပ်စခန်းကျေးရွာ ဖြစ်၍ ရေလုပ်ငန်းလုပ်ကိုင်သည့် ဆင်းရဲသား ကျေးရွာကလေး ဖြစ်ပါတယ်။ အိမ်ခြေ(၁၆၀)ကျော်ခန့်ရှိ၍ လူဦးရေ(၇၀၀)ကျော် နေထိုင်ကြပါတယ်။ ကျောင်းသား/သူများအနေဖြင့် (၁၃၀)ဦးရှိပြီး ကျောင်းအုပ် အပါအဝင် ဆရာ/ဆရာမ (၅) ဦးဖြင့် သင်ကြားလျက်ရှိပါတယ်။ ကျောင်းဝန်းရဲ့အကျယ်မှာ အလျား ၃၇၉ ပေ၊ အနံ ၃၅၉ ပေရှိ၍ (၃.၁၃)ဧက ကျယ်ဝန်းပါတယ်။ လက်ရှိကျောင်းဆောင်မှာ (၂၁x၁၈x၁၃)ပေ၊ ပျဉ်ခင်း၊ ကျူထရံကာ၊ ဓနိမိုး ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားတဲ့ ကျောင်းဆောင်ပဲ ဖြစ်ပါတယ်။

လက်ရှိ ကျောင်းသားဦးရေ အင်အားနှင့်မဆံ့၍ အများသုံးဇရပ်ကို အသုံးပြုသင်ကြား နေကြရပါသည်။ ကျေးရွာအနေနဲ့ ရေလုပ်သား ဆင်းရဲသားများသာ ဖြစ်ပါ၍ ကျောင်းဆောင်အသစ် တစ် ဆောင် ဆောက်လုပ်ရန် မတတ်နိုင်ကြပါ။ နိုင်ငံတော်ကိုသာ အားကိုးကြရမည်သာဖြစ်ပါတယ်။ ယခု ပညာသင်နှစ်တွင် မူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရ၍ အထူးဝမ်းသာရသလို မိမိတို့ရဲ့ သားသမီးများ သက်တောင့်သက်သာ ပညာသင်ကြားနိုင်ရန် ကျောင်းအဆောက်အဦ တစ်ခုကို အထူး မျှော်လင့်လျက် ရှိကြပါတယ်။ ကျွန်တော့်အားလည်း ကျောင်းဆောင်တစ်ဆောင် ရရှိရေးအတွက် တင်ပြပေးပါရန် တောင်းဆိုခဲ့ကြတဲ့အတွက်ကြောင့် ဒေသခံမဲဆန္ဒရှင်များရဲ့ကိုယ်စား အောက်ပါ မေးခွန်းကို တင်ပြမေးမြန်းအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ပန်းတင်အင်းကျေးရွာအုပ်စုရှိ စခန်းသစ် အခြေခံပညာ မူလတန်းကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းပြီး (၁၂၀x၃၀)ပေ(RC) ကျောင်း ဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ် ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်မြို့အနောက်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ချင်းပြည်နယ်၊ မင်းတပ်မြို့ အနောက်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံ ပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မင်းတပ်မြို့ အနောက်ရပ်ကွက်ရှိ အခြေခံ ပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ချင်းပြည်နယ်တောင်ပိုင်း၊ မင်းတပ်ခရိုင် မင်းတပ် မြို့ပေါ်ရှိ အနောက်ရပ်ကွက် မြို့ပေါ် (၄)ရပ်ကွက်တွင် အကြီးဆုံးရပ်ကွက်ဖြစ်ပြီး အိမ်ခြေ အများဆုံး ရပ်ကွက်လည်း ဖြစ်ပါတယ်။ မင်းတပ်မြို့သည် ခရိုင်မြို့ဖြစ်ပြီး တောင်ကြောပေါ်တွင် တည်ရှိတဲ့ မြို့တန်းရှည် မြို့တစ်မြို့ ဖြစ်ပြီး အရှေ့မှ အနောက်သို့ အလျား ၅ မိုင် ကျော်ရှိသည့် မြို့ဖြစ်ပါတယ်။ လူဦးရေနှင့် အိမ်ခြေများပြားမှုကြောင့် အနောက်ရပ်ကွက်ကို တိုးချဲ့ရပ်ကွက်တစ်ခုအဖြစ် ထပ်မံတိုးချဲ့ ရန် အထက်အဆင့်ဆင့်သို့လည်း တင်ပြထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မင်းတပ်မြို့ပေါ်ရှိ အ.ထ.က (၁)သည် မြို့လယ် တွင်ရှိ၍ ဘဝသစ်ရပ်ကွက်နှင့် စံပြရပ်ကွက်မှ ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြပြီး အနောက် ရပ်ကွက်မှ (၉)တန်းနှင့် (၁၀)တန်း ကျောင်းသားများ အ.ထ.က(၁)တွင် တက်ရောက် ပညာ သင်ကြားကြပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ (၁၀)တန်းကျောင်းသားများ လက်ခံသင်ကြား တော့မှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အနောက်ရပ်ကွက် အ.ထ.က ကျောင်း(ခွဲ)တွင် သူငယ် တန်းမှ နဝမတန်းအထိ ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၇၆၀)ဦးရှိပြီး အ.ထ.က (၁)နှင့် အ.ထ.က (၂)နှင့် ကျောက်ထု အ.ထ.က များသို့ သွားရောက်ပညာသင်ကြားသူ အနောက်ရပ်ကွက်နေ ကျောင်းသူ/ ကျောင်းသား (၂၂၈)ဦး ရှိပါသည်။ လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အနောက် အ.ထ.က(ခွဲ)သို့ ပညာသင်ယူမည့် ကျောင်းသူ/ကျောင်းသား စုစုပေါင်း(၁၀၀၀)ကျော်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုနှစ်တွင် အုတ်ညှပ်တစ်ထပ်ဆောင်ကို နိုင်ငံတော်မှ ဘတ်ဂျက် ချပေးပြီးဖြစ်၍ လာမည့်စာသင်နှစ်အမီ ဆောက်လုပ်နေပြီ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အကူအညီဖြင့် အုတ်ညှပ်နှစ်ထပ်ဆောင်လည်း ဆောက်လုပ်နိုင်ရန် ပြင်ဆင်နေပြီ ဖြစ်ပါတယ်။ အ.ထ.က (၂)နဲ့လည်း

(၄)မိုင်ကျော်ဝေးပြီး နယ်မှ ကျောင်းသားများ၊ အနောက်ရပ်ကွက်နေသူများ (၄)မိုင်ကျော်လမ်းကို ခြေလျင်နဲ့ သွားရောက် ပညာသင်ကြားကြရပါတယ်။ မိုးတွင်းမှာ ကလေးတွေအတွက် များစွာ အခက်အခဲ ရှိပါတယ်။ အ.ထ.က (၂)တွင်လည်း ကျောင်းသား(၈၀၀)ကျော် ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အနောက်ရပ်ကွက်နှင့် နီးတဲ့ကျေးရွာ(၇)ရွာရှိပြီး၊ ခ.လ.ရ ၂၇၄ တပ်ထဲမှာလည်း အလယ်တန်းကျောင်းတစ်ကျောင်း အနောက်ရပ်ကွက်မှာ ရှိပါတယ်။ ဒီအနောက်ရပ်ကွက် အထက်တန်းကျောင်း(ခွဲ)ရဲ့ မြောက်ဘက် တစ်မိုင်ကျော် ကွက်စိတ် (၁၁) မှာလည်း အလယ်တန်းကျောင်း(ခွဲ) ရှိပါတယ်။ အ.ထ.က (၁)နှင့်ဆိုရင်လည်း (၃) မိုင်ကျော် ဝေးပါတယ်။ ဒါကြောင့် မင်းတပ်မြို့သည် မြို့တန်းရှည်ဖြစ်၍ အနောက်ရပ်ကွက်သည် အိမ်ခြေလူဦးရေအရ နှစ် ရပ်ကွက်စာ ရှိပြီး လူဦးရေနှင့် ကျောင်းသားများစွာနေထိုင်သည့် ရပ်ကွက်ဖြစ်ပါတယ်။ အ.ထ.က (၁)မှာ ကျောင်းသား (၁၆၀၀)ကျော်ရှိပြီး ပညာရေးအတွက် ကျောင်း၊ အခန်းနဲ့ ထိုင်ခုံ အခက်အခဲ များစွာ ရှိပါတယ်။ အ.ထ.က (၁)တွင် လိုအပ်တဲ့ အရေအတွက်ထက် များစွာပိုပြီး ကျောင်းသားလက်ခံ သင်ကြားပေးနေရပါတယ်။ အနောက်ရပ်ကွက် အ.ထ.က(၁)ကျောင်း(ခွဲ)ကို အထက်တန်းကျောင်း တိုးမြှင့်ပါက အ.ထ.က (၁)အတွက်လည်း ကျောင်းသားလျော့နည်းလာပြီး သင်ကြားရေး အဆင်ပြေလာမှာ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အ.ထ.က (၁)ကျောင်းထွက် ဖြစ်ပါတယ်။ အ.ထ.က (၁)မှာ မိဘ ဒု-ဥက္ကဋ္ဌ နဲ့ ငါးနှစ်၊ ကျောင်းအကျိုးတော်ဆောင် ငါးနှစ်။ ဆယ်နှစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါကြောင့် အ.ထ.က (၁)ရဲ့ ကျောင်းသား များပြားမှု အတွင်းကျကျ အခက်အခဲကို ကျွန်တော် ကောင်းကောင်း သိပါတယ်။ ကျောင်းသား(၄၀)ဆံ့တဲ့ အခန်းတစ်ခန်းမှာ ကျောင်းသား(၆၀)ကျော် တက်ရောက်ပညာသင်ကြား နေရပါတယ်။ အ.ထ.က(၁)က။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မင်းတပ်မြို့နယ်ရှိ ကော် (၃)ကော်ရဲ့ ထောက်ခံချက်နဲ့ မြို့နယ်မှတစ်ဆင့် ခရိုင်၊ ခရိုင်မှတစ်ဆင့် ချင်းပြည်နယ်အစိုးရသို့ အမှုတွဲနှင့်တကွ တင်ပြထားရာ ပြည်နယ်အစိုးရမှလည်း အမှန်တကယ် ကျောင်းအဆင့်တိုးမြှင့်ရန် လိုအပ်တဲ့ မြို့ပေါ်ရှိ အနောက်ရပ်ကွက် အထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်သင့်ကြောင်း ထောက်ခံ၍ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့ပါ၍ မင်းတပ်မြို့ အနောက်ရပ်ကွက်ရှိ အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)အား လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ကော် (၃)ကော် ထောက်ခံချက်နဲ့ အမှုတွဲနှင့်ပါ ပူးတွဲ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ ဒေသခံပြည်သူ များကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က မေးခွန်းများနဲ့ ပတ်သက်လို့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကချင်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၅)ကျောင်း၊ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ) (၁၄)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၂၆)ကျောင်း၊ အခြေခံ ပညာမူလတန်းကျောင်း (၄၄)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) (၅)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၁၀၅)ကျောင်းတို့ကို ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်၊ မော်စီစာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပဉ္စမတန်း (၁၂၀)ဦး၊ ဆဋ္ဌမတန်း (၁၁၀)ဦး၊ သတ္တမတန်း (၈၂)ဦး၊ အဋ္ဌမ တန်း(၇၀)ဦး၊ စုစုပေါင်း အလယ်တန်းဆင့်သင်ကျောင်းသား (၃၈၂)ဦး ရှိပါတယ်။ အဆိုပါကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ပညာသင် နှစ်တွင် ကျောင်းအဆင့်တိုး ဆောင်ရွက်သည့်အခါ ပြည်နယ်အစိုးရအဖွဲ့၏ ဦးစားပေးအလိုက် တန်းစီ လျာထားသတ်မှတ်ပြီး စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်း ကြာမြင့် ပြီး အန္တရာယ်ရှိမှု အခြေအနေ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေး အစီအစဉ် ကျောင်းအလိုက်တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေး အစီအစဉ် ကျောင်းအလိုက် တန်းစီဇယားအရ ယခုကိုယ်စားလှယ်တင်ပြသော လောင်းလုံမြို့နယ် စခန်းသစ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း တွင် (၉၀ ပေ x ၃၀ ပေ) RC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ်(၄၈.၆၀)သန်းကို လျာထားတင်ပြပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အထိ အခြေခံပညာအထက်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၁၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၂၉)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၈၈)ကျောင်း၊ အခြေခံပညာမူလတန်း(ခွဲ)ကျောင်း (၁၄)ကျောင်းနှင့် တွဲဖက်အခြေခံပညာ မူလတန်းကျောင်း (၃)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း (၁၅၇)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

မင်းတပ်မြို့နယ် မင်းတပ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် စုစုပေါင်းအထက်တန်း အဆင့်သင် ကျောင်းသား(၉၅)ဦးရှိပါတယ်။ သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ သတ်မှတ်ချက် အဆင့်မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ မင်းတပ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြု တင်ပြလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော့်ကို ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါ ခင်ဗျား။ ကျွန်တော် တင်ထားတာက (၁၂၀ x ၃၀) ပေ တင်ထားခြင်း ဖြစ်ပါတယ်။ ဝန်ကြီးအနေနဲ့ ပေ (၉၀ x ၃၀) ချပေးတဲ့အတွက်ကြောင့် အထူးပင်ဝမ်းသာ ရပါတယ်။ ကျွန်တော် ပေ (၉၀ x ၃၀) ပေလည်း ဘတ်ဂျက်မှာ ကြည့်ပြီးတော့ ကျွန်တော် သိထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် တင်ထားတာက (၁၂၀ x ၃၀) ပေ တင်ရသလည်းဆိုလို့ရှိရင် အခု ကျောင်းသားအင်အား(၁၃၀) ရှိပါတယ်။ အတန်းအဖြစ် အတန်းခွဲကြည့်မယ် ဆိုလို့ရှိရင်တော့ အတန်းခွဲ (၅) ခွဲရှိပါတယ်။ အဲဒီတန်းခွဲ တန်းတစ်တန်းကို (၅) ခန်းခွဲရင်တောင်မှ ပေ(၂၀)၊ (၂၄)ပေအခန်းလေးပဲ ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအတန်းအနေအထားအရ လာမယ့်နှစ်မှာဆိုရင် အနည်းဆုံးကျောင်းသားဟာ (၁၅၀)လောက် တိုးတက်လာမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် အခန်း (၅) ခန်းခွဲတော့၊ ပေ ခွဲလိုက်တောင်မှ ပေ (၉၀) လောက်၊ ပေ (၁၀၀) လောက် အနေအထား ရှိနေပါတယ်။ ဒါပေမဲ့ အခု (၁၃၀) ရှိတဲ့အခါကျတော့ အခန်း (၅) ခန်းခွဲမယ် ဆိုတဲ့အခါကျတော့ လာမယ့်နှစ်မှာ ဒေသခံကျောင်းအနေနဲ့တော့ အခက်အခဲ တွေ့လိမ့်ဦးမယ်လို့ ထင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ (၁၂၀ x ၃၀)ပေ အဲဒီကျောင်းကို တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးအနေနဲ့ ပေ (၉၀ x ၃၀) ချထားပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်လို့ ပြောရင်းနဲ့ ဝန်ကြီး ခုနက အခက်အခဲလည်း တွေ့ပါလိမ့်ဦးမယ်လို့ ကျွန်တော် ထပ်ဆင့်တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ တော်ကြာကျ ရပြီးသားတွေတောင် မရတော့ဘဲ နေဦးမယ်။ မဖြေနဲ့တော့ရပြီ။ ကျောင်းခွဲတွေကို အဆင့်တိုးမြှင့်တာနဲ့ပတ်သက်လို့ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ရဲ့

ဦးစားပေး အစီအစဉ်အရ ဆောင်ရွက်မယ်ဆိုတာကတော့ မဟုတ်သေးဘူး။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ အခြေအမြစ်၊ ရွာအထိ ရောက်ပြီးတော့ အသိဆုံးဖြစ်တယ်။ ဒါကို လည်း ထည့်စဉ်းစားရမယ်။ ဟိုကိုလည်း ညှိနှိုင်းဖို့လိုတယ်။ ဒီမှာတော့ ဒီလိုတင်ပြတာရှိတယ်။ စာရင်း ဇယားအရ ဒါ မှန်ကန်ကြောင်းတွေ့ရတယ်။ မှန်/မမှန် စိစစ်ပြီးတော့မှ ဦးစားပေး အစီအစဉ်အထဲမှာ ထည့်ပါဆိုတဲ့ အလုပ်တစ်ခုကိုတော့ လုပ်ဖို့ လိုတာပေါ့။ အဲဒီတော့ ဟိုကတင်ရင် ထည့်ပေးမယ်။ ဟိုက မတင်ရင် မထည့်ပေးဘူး။ လောလောဆယ်တော့ လုပ်ပေးစရာ မရှိသေးဘူး ဆိုတာတော့ မဟုတ်ဘူး။ လုပ်စရာတစ်ခု ကျန်နေတယ်။ အဲဒီလို ညှိနှိုင်းပြီး ဆောင်ရွက်ပါ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ခ)(ဂ)

၂။ (က) မြေသြဇာဥပဒေတွင်ပါရှိသော မန်နေဂျာ ဆိုသည့် စကားရပ်ကို ဦးစီးမှူး ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) မြေသြဇာဥပဒေတွင်ပါရှိသော စစ်ဆေးရေးမှူး ဆိုသည့် စကားရပ်ကို စစ်ဆေးရေး အဖွဲ့ ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) မြေသြဇာဥပဒေတွင်ပါရှိသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို စိုက်ပျိုးရေးဦးစီးဌာန ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၃။ မြေသြဇာ ဥပဒေပုဒ်မ ၂ တွင် -

(ဂ) ပုဒ်မခွဲ(ဏ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဏ) စစ်ဆေးရေးအဖွဲ့ ဆိုသည်မှာ ပုဒ်မ ၂၂ အရ စိုက်ပျိုးရေး ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် -

အပိုဒ် ၄

၄။ မြေသြဇာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ခ) မြေသြဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့က တင်ပြလာသော မြေသြဇာနမူနာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်နှင့် စပ်လျဉ်း၍ မြေသြဇာ စံချိန်စံညွှန်းနှင့် ညီ/မညီ အဆုံးအဖြတ် ပေးခြင်းဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၉

၉။ မြေသြဇာဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုး ရမည်-

(က) နေပြည်တော်ကောင်စီ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် -

| | | | |
|---|---|---|---|
| | (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေအသုံးချရေး တာဝန်ခံ | အဖွဲ့ ခေါင်းဆောင် |
| | (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးက တာဝန် ပေးအပ်သောဝန်ထမ်း နှစ်ဦး | အဖွဲ့ဝင်များ |
| (ဂ) | (၂) | ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်း နှစ်ဦး | အဖွဲ့ဝင်များ |
| (ဃ) | (၂) | မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်း နှစ်ဦး | အဖွဲ့ဝင်များ |

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀

၁၀။ မြေသြဇာဥပဒေ ပုဒ်မ ၂၃ တွင် -

(က) ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည် -

(ခ) မြေသြဇာကို စံချိန်စံညွှန်းနှင့် ညီ၊မညီ စစ်ဆေးရန် မြေသြဇာ နမူနာကိုရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်တို့ကို မြေအသုံးချရေးဌာနခွဲသို့ ဆက်လက်တင်ပြခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် -

အပိုဒ် ၁၄

၁၄။ မြေသြဇာဥပဒေ ပုဒ်မ ၃၆ တွင်ပါရှိသော ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၅၀၀၀၀ အထိ ဖြစ်စေ၊ ဆိုသည့် စကားရပ်ကို ထောင်ဒဏ် သုံးနှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်း အထိ ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ဖြည့်စွက်ချက် -

အပိုဒ် ၁၅

၁၅။ မြေသြဇာဥပဒေ ပုဒ်မ ၃၇ တွင်ပါရှိသော ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ ဆိုသည့် စကားရပ်ကို ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်က ဥပဒေကြမ်း၏ အပိုဒ် ၂(င)ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် များနှင့် အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ကို ထုတ်လွှင့်ပြသခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ နံနက်ပိုင်းမှာ လွှတ်တော်အစီအစဉ်ကို ရပ်နားမှာဖြစ်ပါတယ်။ ဒါပေမဲ့ (၁၅)မိနစ်နားပြီးတဲ့အချိန်မှာ လွှတ်တော် ကျင်းပ တာ မဟုတ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များကို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် ကြားနာတဲ့အစီအစဉ်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာမှုများကို ၅-၃-၂၀၁၅ ရက်နေ့မှာ ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်များဖြင့်လည်းကောင်း၊ ၆-၃-၂၀၁၅ ကနေ ၈-၃-၂၀၁၅ ရက်နေ့များမှာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြင့်လည်းကောင်း အမျိုးသား လွှတ်တော် ဆွေးနွေးပွဲခန်းမတွင် တွေ့ဆုံကြားနာခဲ့ပါတယ်။

ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမမှာ ကြားနာခဲ့တဲ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ် အားလုံးသိရှိနိုင်ဖို့ VIDEO နဲ့ တင်ပြမှာ ဖြစ်ပါတယ်။ ဒါကြောင့် (၁၅) မိနစ်နားပြီးတဲ့အချိန်မှာ အားလုံး ဒီခန်းမထဲဝင်ရောက်ပြီးတော့ ကြည့်ရှု၊ နားထောင်၊ မှတ်သားကြဖို့ လိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၃) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက် နေ့ကို ၁၀း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]